


ခုနစ်ခုမြောက် အရေးအကြီးဆုံးအပိုင်း
ရေးသားသူ –**မစ္စတာ** အယ်လ်ဘတ် ဟင်းင် နှင့် ပတ်စတာ ဂျင်းမ်စ်ကဲလာ

မူပိုင် – မြန်မာလူမျိုးများဆိုင်ရာ သာသနာပြုရေး လူသာရင်အေဂျင်စီကုမ္ပဏီ ၂၀၀၅

ဘာသာပြန် – ဦးမြလှ

ကျမ်းစာ စာသားအားလုံးကို မြန်မာဘာသာအနေနှင့် သမ္မာကျမ်းစာမှ ယူသည်။

မြန်မာနိုင်ငံ ကျမ်းစာအသင်း ရန်ကုန်မှ ထုတ်ဝေသည်။

စာသားမူပိုင် – ယူနိုက်တက် ကျမ်းစာအသင်း ၂၀၀၅၊

Seventh Chief Part© Al Hennig Estate and Rev. James Keller 2007

# ခုနစ်ခုမြောက် အရေးအကြီးဆုံး အပိုင်း

## ကြီးကျယ်မြင့်မြတ်တဲ့ အလုပ်က ဘာလဲ။

ခရစ်တော်က သူ့ရဲ့ နောက်လိုက်တော်များကို နိုင်ငံအားလုံးသို့ သွားရောက်၍ ကောင်းသတင်းကို ဟောကြားပို့ချရန် ပေးသော ပညတ်တော်ပင်ဖြစ်ပါတယ်။

## ဒါကို ဘယ်မှာ ရေးသလဲ။

ရှင်မဿဲကရစ်ဝင် အခန်းကြီး ၂၈ မှာ“သို့ ဖြစ်၍ သင်တို့သည် သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်  ဖြစ်စေကြလော့။ သူတို့ အား ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ နာမကို အမှီ ပြု၍ ဗတ္တိဇံ မင်္ဂလာကို ပေးကြလော့.”  ဟူ၍ ရေးသားဖော်ပြထား ပါတယ်။

## ဒါကို ဘယ်လို လုပ်ထားသလဲ။

လူမျိုးတကာ တို့ဟာ မည်သည့်နေရာတွင် ရှိနေသည် ဖြစ်စေ ကောင်းသတင်းကို သွားရောက်ပို့ချရန် အကျွန်ုပ်တို့ရဲ့ မေတ္တာဟာ နိုင်ငံအားလုံးအတွက် အထောက်အပံ့ ဖြစ်စေသောအခါ ဒီပညတ်တော် ကို ပြုလုပ်တာ ဖြစ်ပါတယ်။ ယေရှုခရစ်တော်ရဲ့ အချို့ သော နောက်လိုက်တော်တို့ဟာ ကောင်းသ တင်းကို ကိုယ်တိုင်ကိုယ်ကျ သွားရောက် ဟောကြားပို့ချခြင်း အားဖြင့် ဒီပညတ်တော်ကို လိုက်နာကြ ပါတယ်။ တချိန်တည်းမှာပင် တခြားနောက်လိုက်တော်များက ငွေကြေးထောက်ပံ့ခြင်းအားဖြင့် လည်း ဤပညတ် တော်ကို အထောက်အပံ့ဖြစ်စေရန် ရွေးချယ်ကြပါတယ်။ လူသားအားလုံး ကယ်ဆယ်ရေး အတွက် သူတို့ရဲ့ မေတ္တာကို အလေးအနက်ဖော်ပြခြင်းအားဖြင့် ခရစ်ယန်ဘာ သာဝင်အားလုံးဟာ လူမျိုးတကာ ထံသို့  ကယ် ဆယ်မည့် ကောင်းသတင်း လာမည်ဟူသော ဆုတောင်းချက်များတွင် ဘုရားသခင်ရဲ့ ဤကြီးကျယ်မြင့် မြတ်တဲ့ ပညတ်တော်ကို အစဉ်အမြဲ သတိရနေသင့် ပါတယ်။

## ကြီးကျယ်မြင့်မြတ်တဲ့ ဒီအလုပ်ကို ယေရှုခရစ်တော်က မည်သူ့ကို ပေးအပ်ခဲ့ပါသလဲ။

(က) ယေရှုခရစ်တော်က ဒီကြီးကျယ်မြင့်မြတ်တဲ့ အလုပ်ကို နောက်လိုက်တော် ၁၁ ပါးအား အရင်းမူလအားဖြင့် ပေးအပ်ခဲ့ပါတယ်။

**မာကု ၁၆း၁၄–၁၅** ထိုနောက် တစ်ကျိပ်တစ်ပါးသော တမန်တော်တို့သည် စားပွဲမှာထိုင်၍ စားသောက်နေကြစဉ် ကိုယ်တော်သည် သူတို့ကို ကိုယ်ထင်ပြတော်မူ၏။ သူတို့တွင် ယုံကြည်ခြင်း မရှိသဖြင့်လည်း ကောင်း၊ ကိုယ်တော် သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူပြီး နောက် ကိုယ်တော်အား ဖူးတွေ့ရသူတို့၏ စကားကို မယုံနိုင်သည့် တိုင်အောင် သူတို့သည် အပြောရခက်သဖြင့်လည်းကောင်း ကိုယ်တော်သည် သူတို့အား ပြစ်တင်ဆုံးမတော်မူ၏။ ကိုယ်တော်က “သင်တို့သည် ကမ္ဘာအရပ်ရပ်သို့သွား၍ လူသတ္တဝါအပေါင်းတို့အား သတင်းကောင်းကို ဟောပြောကြေညာကြလော့။

**တမန်တော် ၁း၆;၈** တမန်တော်တို့ကို စုဝေးမိကြသောအခါ ယေရှုက သို့ရာတွင်သင်တို့ အပေါ် သို့သန့်ရှင်းသော ဝိညာဉ်တော် သက်ရောက်သောအခါ၌ သင်တို့သည် တန်ခိုးကိုခံယူရရှိကြလိမ့်မည်။ ထိုအခါ သင်တို့သည် ယေရှုရှလင်မြို့၊ ယုဒပြည်တစ်ပြည်လုံးနှင့် ရှမာရိပြည်မှစ၍ ကမ္ဘာမြေကြီး အစွန်အဖျားတိုင်အောင် ငါ၏အကြောင်းကို သက်သေခံသူများဖြစ်ကြလိမ့်မည်” ဟုမိန့်တော်မူ၏။

(ခ) ယေရှုခရစ်တော်ဟာ ဤကမ္ဘာမြေပေါ်ရှိ
ယုံကြည်သူအားလုံး ထံသို့ ဤကြီးကျယ်မြင့်မြတ်
သော အလုပ်ကို ပေးအပ်ပါတယ်။

**ယောဟန် ၁၇း၁၈;၂၀–၂၁** ကိုယ်တော်သည် အကျွန်ုပ်ကို ဤလောကသို့ စေလွှတ်တော်မူသကဲ့သို့ အကျွန်ုပ်သည်လည်း သူတို့ကို ဤ လောကထဲသို့ စေလွှတ်ပါ၏။ အကျွန်ုပ်သည် ထိုသူတို့အတွက်သာလျှင် ဆုတောင်း သည် မဟုတ်ပါ။ သူတို့ ဟောပြောချက်ကြောင့် အကျွန်ုပ်တို့ ယုံကြည်လာသူများ အတွက်လည်း ဆုတောင်းပါ၏။ ထိုသူ အပေါင်းတို့သည် တစ်လုံးတစ်ဝတည်း ဖြစ်ကြစေရန် ဆုတောင်း ပါ၏။ အို... အဖ၊ ကိုယ်တော်သည် အကျွန်ုပ်၌ တည်ရှိတော်မူ၍၊ အကျွန်ုပ် သည်လည်း ကိုယ်တော်၌ တည်ရှိသကဲ့သို့ ထိုသူတို့သည် အကျွန်ုပ်တို့၌ တည်ရှိစေတော်မူပါ။ အကျွန်ုပ်ကို ကိုယ်တော် စေလွှတ်တော်မူကြောင်းကို လောကသားတို့ ယုံကြည်ကြစေရန် ထိုသူတို့ကို တစ်လုံးတစ်ဝတည်းဖြစ်စေတော်မူပါ။

**တမန်တော် ၈း၄** ကွဲလွင့်သွားသည့် ယုံကြည် သူတို့သည် အရပ်ရပ်သို့သွား၍ တရားတော်ကို ဟောပြောကြ၏။

**တမန်တော် ၁၁း၁၉–၂၁** သခင်ယေရှုကို ယုံကြည် သူတို့သည် သတေဖန်အသတ် ခံရချိန်၌ဖြစ်ပေါ် လာသောနိပ် စက်ညှဉ်းဆဲမှုကြောင့် အရပ်ရပ်သို့ကွဲလွင့်သွားကြ၏။ ထိုသူအချို့တို့သည် ဖိနိတ်ပြည်၊ ကုပရုကျွန်း၊ အန္တိအုတ်မြို့သို့တိုင် အောင်ရောက်ရှိကြ၏။ သူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တရားတော်ကို ယုဒအမျိုးသားတို့

အားသာဟောပြောကြ၏။ ၂၀ သို့ရာတွင် သူတို့အ ထဲတွင်
သခင်ယေရှုကို ယုံကြည်သူ ကုပရုပြည်သားနှင့်
ကုရေနေပြည်သားအချို့ပါ၏။ သူတို့သည်
အန္တိအုတ်မြို့သို့သွား၍ လူမျိုးခြားတို့ အားလည်း
သခင်ယေရှု၏ အကြောင်းသတင်းကောင်းကို
ဟောပြောကြေညာကြ၏။ ၂၁ သူတို့သည် သခင်ဘုရား၏
တန်ခိုးတော်ကို ခံယူရသဖြင့် လူအမြောက် အမြားပင်
ယုံကြည်၍ သခင်ဘုရားထံပြောင်း လဲလာကြ၏။

## ခရစ်ယန်ဘာသာဝင်အားလုံးဟာ သာသနာပြုများဖြစ်ကြပါသလား။

ဟုတ်ကဲ့။ ယေဘုယျအားဖြင့် ကျယ်ကျယ်ပြန့်ပြန့်
ပြောရလျှင် ခရစ်ယန်ဘာသာဝင်အားလုံးဟာ
သာသနာပြုများဖြစ်ကြပါတယ်။ ဘုရားသခင်က
ယုံကြည်သူများကို သူတို့ပတ်ဝန်းကျင်ရှိ လူများ အား
၄င်းတို့၏ ယုံကြည်မှုကို မျှဝေစေခြင်းဖြစ်ပါတယ်။ ဤသို့
ပြုလုပ်ခြင်းဟာ
(က) ခရစ်ယန်ယုံကြည်မှုဖြင့် နေထိုင်ခြင်း အားဖြင့်
လည်းကောင်း၊

**မဿဲ ၅း၁၆** ထိုနည်းတူစွာ လူတို့သည် သင်တို့ ၏
ကောင်းသောအကျင့်ကိုမြင်၍ ကောင်းကင်ဘုံ၌ ရှိတော်မူသော
သင်တို့အဖ၏ ဂုဏ်တော်ကိုချီးကျူးစေရန် သင်တို့၏
အလင်းကို လူတို့ရှေ့၌ ထွန်းလင်းစေကြလော့။

**ယောဟန် ၁၃း၃၅** "သင်တို့အချင်းချင်း ချစ်ကြလျှင် လူအ

မွေးရမည်ဟူ၍ သခင်ဘုရား မိန့်တော်မူခဲ့၏။

**ဂလာတိ ၆း၆** တရားတော်ကို သင်ယူသူသည် သင်ပေး သော သူအား ကောင်းသောအရာရှိသမျှတို့ကို ဝေမျှစေ။

**ဖိလိပ္ပိ ၄း၁၈** ထိုအရာတို့သည် မွှေးကြိုင်သောပူဇော်သကာ၊ ဘုရားသခင် လက်ခံနှစ်သက်တော်မူသော ယဇ်ကဲ့သို့ဖြစ်ပါ၏။

**ရောမ ၁၅း၂၄** ယကုသင်တို့ ငှံသို့ ဗွာရောက်နိုင်မည် ဟုမျှော်လင့်ပါ၏။ ငါသည် စပိန်ပြည်သို့ ခရီးသွားစဉ် သင်တို့ ထံသို့ ဝင်ရောက်လည် ပတ်ရန်အကြံရှိပါ၏။ သင်တို့ ထံတွင်ခေတ္တမျှတည်း ခိုလည်ပတ်ပြီးနောက် စပိန်ပြည် သို့ဆက်လက် လရီးပြုနိုင်ရန် ငါ့အား ကူညီမစကြစေ လိုပါသည်။

ပေါင်းတို့သည် ထိုမေတ္တာကို ထောက်၍ သင်တို့ သည် ငါ၏တပည့်များဖြစ်ကြောင်းကို သိကြလိမ့်မည်" ဟု မိန့် တော်မူ၏။

**တမန်တော် ၂း၄၄-၄၇**
ခရစ်တော်ကို ယုံကြည်သူအပေါင်းတို့သည် တစ်စုတစ်ဝေး တည်းနေထိုင်၍ မိမိတို့ဥစ္စာပစ္စည်းများကို ဝေမျှသုံးဆောင် ကြလေသည်။ သူတို့သည် မိမိတို့၏ ဥစ္စာပစ္စည်းများကို ရောင်းချ၍ ချို့တဲ့သူများ အားချို့ တဲ့မှုပ မာဏ အတိုင်း ဝေမျှကြ၏။ သူတို့သည် နေ့စဉ်နေ့တိုင်း ဗိမာန် တော်တွင်စုဝေးကြ၏။ မိမိတို့ အိမ်များ တွင်နှိမ့်ချသော စိတ်ဖြင့် ဝမ်းမြောက်စွာ အတူတကွ အစာအာဟာရကို သုံးဆောင်ကြ၏။ သူတို့သည် ဘုရားသခင်၏ ကျေးဇူး တော်ကို ချီးမွမ်းလျက် လူအပေါင်းတို့၏ ရှေ့တွင်မျက် နှာပွင့် လန်းလျက်ရှိကြ၏။ သခင်ဘုရားသည် ကယ်တင်ခြင်း ခံရသူအရေအတွက်ကို နေ့စဉ်နေ့တိုင်း တိုးပွားစေတော်မူ၏။

**ယာကုပ် ၁း၂၇** ခမည်းတော် ဘုရားသခင်ရှေ့တော်၌ စစ်မှန်သော ဘုရားတရားကြည် ညိုမှုသည်ကား ဒုက္ခရောက်သော မိဘမဲ့ကလေးများနှင့် မုဆိုးမတို့ကိုကြည့် ရှုစောင့်ရှောက်ခြင်း၊ လောကီအညစ်အကြေးတို့ မှကင်းစင်အောင် မိမိတို့ကိုယ်ကို စောင့်ထိန်းခြင်းတို့ ပင်ဖြစ်သတည်း။

**၁ပေ ၂း၁၂** မယုံကြည်သူတို့သည် သင်တို့အား မကောင်းမှုပြုကြသူများဟု ပြစ်တင်စွပ်စွဲလျက်နေကြစဉ် သင်တို့၏ အကျင့်ကောင်းများကို မြင်သဖြင့်

ဘုရားသခင်ကြွလာတော်မူရာနေ့၌ ကိုယ်တော်၏ ဘုန်းအသရေတော်ကို ချီးကျူးကြစေရန် သင်တို့သည် ထိုသူတို့ ရှေ့တွင် တယ်လျောက် ပတ်စွာပြုမူကျင့်ကြံလျက် နေကြလော့။

(ခ) အကျွန်ုပ်တို့၏ ယုံကြည်မှုကို စကားလုံးများကို အသုံးပြု၍ မျှဝေခြင်းဖြင့်လည်းကောင်း လုပ်ဆောင်နိုင်ပါတယ်။

**မာကု ၅း၁၉–၂၀** ကိုယ်တော်ကား ခွင့်ပြုတော်မမူ။ "သင်၏ အိမ်သို့ သွား လော့။ ဘုရားသခင်သည် သင့်အား မည်မျှကျေးဇူးပြုတော်မူ ကြောင်းနှင့် မည်သို့ သနားတော်မ ။ကြောင်းကို ဆွေမျိုးသားချင်း တို့အား ပြော ပြလော့"ဟု မိန့်တော်မူ၏။ ထိုသူသည် ထွက်သွား၍ မိမိအား သခင်ယေရှုသည် အဘယ်သို့ ကျေးဇူးပြုတော်မူကြောင်းကို ဒေကာပေါလိဟု အမည် တွင်သော ပြည်တစ်လျှောက်လုံးတွင် အနှံ့အပြား ပြောကြားလေ ၏။ ကြားရသော သူအပေါင်း တို့သည် အံ့သြကြ၏။

**၁ကော ၁၄း၃၉** သို့ဖြစ်၍ ညီအစ်ကိုတို့၊ ဥင်တို့သည် ဗျာဒိတ်တော်ကို ကြေညာဟောပြောခြင်း ငှာလိုလား တောင့် တကြလော့။

**၂ကော ၄း၁၃** ကျမ်းစာတော်တွင် "ငါသည် ယုံကြည်သောကြောင့် ဟောပြောသည်"ဟုပါရှိသည် အတိုင်း ငါတို့လည်းထိုသို့ ယုံကြည်မှုရှိသဖြင့် ဟောပြောကြ၏။

**တမန်တော် ၄း၂၉** အို ထာဝရဘုရား၊ ယခုအခါ ထိုသူတို့၏ ခြိမ်းခြောက်ခြင်းကို ရှုမှတ်တော်မူပါ။ ကိုယ်တော်ရှင်၏ အစေခံတို့အား အရှင့်တရားတော်ကို ရဲရင့်စွာ ဟော ပြောနိုင် ခွင့်ကို ပေးသနားတော်မူပါ။

**ရောမ ၁၅း၃၀–၃၁** ညီအစ်ကိုတို့၊ ငါတို့အရှင်ယေရှုခရစ်နှင့် ဝိညာဉ်တော်က ငါတို့အား ပေးသနည်းတော်မူသော မေတ္တာကို အကြောင်းပြု၍ ငါ့အတွက်ငါနှင့် အတူဘုရားသခင် ထံတော်သို့ စိတ်အား ထက်သန်စွာ ဆုတောင်း ပတ္ထနာပြုရန် သင်တို့အား ငါတိုက် တွန်းနှင်းဆော်ပါ၏။ ငါသည်ယုဒပြည်ရှိ မယုံကြည်သူတို့၏ ဘေးရန်မှလွတ်မြောက်နိုင်စေရန်နှင့် ငါ၏ ကူညီဆောင် ရွက်မှုကို ယေရှုရှလင်မြို့ရှိ ဘုရားသခင်၏ လူစုတော်က ဝမ်းသာစွာ လက်ခံနိုင်ကြစေရန် ဆုတောင်း ပတ္ထနာပြုကြလော့။

**၁သက် ၅း၂၅** ညီအစ်ကိုတို့၊ င်တို့အ ဖို့လည်း ဆုတောင်းကြလော့။

## (ဂ) ခရစ်ယန်ဘာသာဝင် အားလုံးဟာ ဘဏ္ဍာရေး ထောက်ပံ့မှုများဖြင့် ပညတ်တော်ကို အထောက် အပံ့ ဖြစ်စေသင့်ပါတယ်။

**မဿဲ ၁၀း၁၀** ခရီးဆောင်လွယ်အိတ်၊ အင်္ကျီအပို၊ ဖိနပ်နှင့် တောင်ဝှေးတို့ကို ယူမသွားကြနှင့်။ အဘယ် ကြောင့်ဆိုသော် လုပ်သားသည် ရိက္ခာကိုရထိုက်သောကြောင့် ဖြစ် ၏။

**၁ကော ၉း၁၄** ထိုနည်းတူစွာ သတင်းကောင်းကို ဟောယာပြော ကြေညာ သတို့သည်လည်း သတင်းကောင်းအား ဖြင့်အသက်

(က) လူသားအားလုံး ကယ်တင်ရေးအတွက် သူတို့ရဲ့ မေတ္တာကို အလေးအနက် ပြသခြင်းအားဖြင့် ခရစ်ယန်ဘာသာဝင်တွေဟာ လူသားအားလုံးထံ ကယ်တင်မဲ့ ကောင်းသတင်း လာမယ်ဆိုတဲ့ သူတို့ တောင်းတဲ့ ဆုတောင်းချက်တွေမှာ ဘုရားသခင်ရဲ့ ဒီကြီးကျယ်မြင့်မြတ်တဲ့ ပညတ်တော်ကို စဉ်ဆက်မပြတ် သတိရနေသင့်ပါတယ်။

**ရောမ ၁၀း၁** ညီအစ်ကိုတို့၊ ငါသည် မိမိ၏ အမျိုးသားများ ကယ်တင်ခြင်း ခံရစေရန် စိတ်နှလုံး အကြွင်းမဲ့လိုလားတောင့် တလျက် ဘုရားသခင်၏ ထံတော်သို့ ဆုတော်း၏။

**၂သက် ၃း၁** ညီအစ်ကိုတို့၊ နောက်ဆုံးအနေဖြင့်မှာကြားလို၏။ သခင်ဘုရား၏ တရားတော်သည် သင်တို့ ထံမှာကဲ့သို့ အရပ်တကာ တွင်လျင်မြန်စွာပျံ့နှံ့၍ ဘုန်းအသရေတော် ထွင်းတောက်နိုင် စေရန်ငါတို့ အတွက်ဆုတော်းကြလော့။

## (ခ) ဆုတောင်းချက်များဟာ ယေရှုခရစ်တော်ရဲ့ ကောင်းသတင်းကို တခြားသူများထံသို့ ယူဆောင်လာသူများ အတွက်လည်းပဲ ပြုလုပ်သင့်ပါတယ်။

**မဿဲ ၉း၃၇-၃၈** ထို့ကြောင့် ကိုယ်တော်က "ရိတ်သိမ်းရန် စပါးများသော်လည်း ရိတ်သိမ်းသော လုပ်သားတို့ကား နည်းလှ၏။ သို့ဖြစ်၍ လုပ် သားများစေလွှတ်ပေးရန် စပါးရှင်အား ဆုတောင်းကြလော့" ဟု တပည့်တော်တို့အား မိန့်တော်မူ၏။

**၁ပေ ၃း၁၅** သို့ရာတွင် သင်တို့ စိတ်နှလုံးတွင် ခရစ်တော်ကို ရိုသေကိုင်းရှိုင်း၍ အရှင်သခင် အဖြစ်ဖြင့် ခံယူကြလော့။ သင်တို့ခံယူရရှိသည့် မျှော်လင့် ချက်အကြောင်းကို စစ်ဆေးမေးမြန်းလာ သူအားအချိန် မရွေးရှင်းလင်း ဖော်ပြရန် အသင့်ရှိကြလော့။

## ခရစ်ယန်ဘာသာဝင်တွေက ဒီကြီးကျယ်မြင့်မြတ်တဲ့ အလုပ်ကို ဘယ်လို ဆောင်ရွက်ခဲ့ကြသလဲ။

လူမျိုးတကာတို့ မည်သည့်နေရာတွင် ရှိသည်ဖြစ်စေ ကောင်းသတင်းကို သွားရောက် ဟောပြော ပို့ချရန် ကျွန်ုပ်တို့ရဲ့ မေတ္တာက နိုင်ငံအားလုံးအတွက် အကျွန်ုပ်တို့အား အထောက်အပံ့ ဖြစ်စေသော အခါ ဤပညတ်တော်ကို ပြုလုပ်ပါတယ်။

**လုကာ ၁၉း၁၀** "လူသားသည် ပျောက်ဆုံးသူများကို ရှာ ရန်နှင့်ကယ်တင်ရန် ကြွလာသတည်း" ဟု ဇက္ခဲအား မိန့်တော်မူ၏။

**မဿဲ ၂၄း၁၄** နိုင်ငံတော်ဆိုင်ရာ သတင်းကောင်းအကြောင်းကို ကမ္ဘာ တစ်ဝန်းလုံးရှိ လူမျိုးအပေါင်းတို့အား သက်သေခံ ဟောပြောပြီးမှ ကပ်ကမ္ဘာကုန်ဆုံးချိန်ရောက်လိမ့်မည်။

**မာကု ၁၆း၁၅** ကိုယ်တော်က "သင်တို့သည် ကမ္ဘာအရပ် ရပ်သို့သွား၍ လူသတ္တဝါအပေါင်းတို့အား သတင်းကောင်းကို ဟောပြောကြေညာကြလော့။

### ယေရှုခရစ်တော်နဲ့ ပတ်သက်ပြီး ကောင်းသတင်းပြန့်နှံ့စေဖို့အတွက် ခရစ်ယာန်ဘာ သာဝင်တွေက ဘယ်မှာ စတင်ခဲ့ရသလဲ။

ယေရှုခရစ်တော်နဲ့ပတ်သက်ပြီး တကမ္ဘာလုံး ကြားသိနိုင်သည်အထိ ခရစ်ယာန်ဘာသာဝင်တွေဟာ သူတို့နဲ့ အနီးစပ်ဆုံးလူတွေကို စတင်ဝေငှရမှာ ဖြစ်ပြီး ထို့နောက်မှာမှ ဝေးရာဝေးရာမှာ ရှိသော လူအများဆီသို့ သွားရောက် ဝေငှရမှာ ဖြစ်ပါတယ်။

**လုကာ ၂၄:၄၆–၄၇** ကိုယ်တော်က "ကျမ်းစာတော်တွင် မေရှိယသည် အသေခံတော်မူရမည်။ ထို နောက် သုံးရက်ကြာသော် သေခြင်းမှ ထမြောက်တော်မူမည်။ နာမတော်ကို အမှီပြု၍ အပြစ်လွှတ်ခြင်း တရားနှင့် နောင်တတရား ကိုလည်း ယေရုရှလင်မြို့မှအစပြု၍ လူမျိုးတကာတို့အား ဟော ပြောရမည်။

**တမန်တော် ၁:၈** "ထိုအခါ သင်တို့သည် ယေရုရှလင်မြို့၊ ယုဒပြည်တစ်ပြည်လုံးနှင့် ရှမာရိပြည်မှစ၍ ကမ္ဘာမြေကြီး အစွန်အဖျားတိုင်အောင် ငါ၏အကြောင်းကို သက်သေခံ သူများဖြစ်ကြလိမ့်မည်"ဟုမိန့်တော်မူ၏။

### ကမ္ဘာတဝှမ်းမှာ ရှိတဲ့ လူအများဆီသို့ ယေရှုခရစ်တော်ရဲ့ ကောင်းခြင်းကို ခရစ်ယာန်ဘာသာဝင်တွေ သယ်ဆောင်နိုင်ပါ့မလား။

ဟုတ်ကဲ့။ သယ်ဆောင်နိုင်ပါတယ်။ သူတို့ဟာ ကမ္ဘာ့နေရာ အနှံ့အပြားကို လူကိုယ်တိုင် မသွားရောက်နိုင်ပေမဲ့  သူတို့ တတ်နိုင်တဲ့ တခြားသူတွေထံ ပို့ပေးပြီး ထောက်ပံ့ကူညီပေးနိုင်ပါတယ်။

**တမန်တော် ၁၁:၂၂** ဤသတင်းကို ယေရုရှလင်မြို့ ရှိအသင်းတော်ကြားလျှင် ဗာနဗအားအန္တိ အုတ်မြို့သို့ စေလွှတ်ကြ၏။

**တမန်တော် ၁၃:၂** ထိုသူတို့သည် သခင်ဘုရား၏ အမှုတော်ကို ဆောင်ရွက်၍ အစာရှောင် လျက်နေကြစဉ် သန့်ရှင်းသောဝိညာဉ်တော်က သူတို့အား "ရှောလုနှင့် ဗာနဗတို့ကို ငါ၏ အမှုတော် ဆောင်ရန် အတွက်သီးသန့်ရွေး ချယ်ကြလော့"ဟုမိန့်တော်မူ၏။

**ရောမ ၁၀:၁၄–၁၅** သို့ရာတွင်ထိုသူတို့သည် ကိုယ်တော်ကို ယုံကြည်မှုမရှိလျှင် အဘယ်သို့ကိုယ်တော် ထံသို့ပတ္တနာပြုနိုင်မည်နည်း။ နှုတ်ကပတ်တရားတော်ကို မကြားလျှင်အဘယ်သို့ ယုံကြည်နိုင်မည်နည်း။ နှုတ်ကပတ် တရားတော်ကို ဟောပြောကြေညာ သူမရှိလျှင် အဘယ်သို့ ကြားနိုင်မည်နည်း။ ဟောပြောဓေကညာ သူများကို မစေလွှတ်လျှင် အဘယ်သို့ နှုတ်ကပတ် တရားတော်ကို ဟော ပြောကြေညာနိုင်မည်နည်း။ ကျမ်းစာတော် တွင်ဖော် ပြပါ ရှိသည် အတိုင်း "သတင်းကောင်းကို ယူဆောင် လာသူတို့၏ ခြေတို့သည် လွန်စွာတင့် တယ်စွတကား။"

### ခရစ်ယာန်ဘာသာဝင်တွေက သာသနာပြုများ သို့မဟုတ် တရားဟောဆရာများကို ဘယ်လို အထောက်အပံ့ ပေးနိုင်ပါသလဲ။